ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ စနေနေ့(5-11-2011)(၆၉၃၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊"

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(င)ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ (စ)ကို ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (ဆ) ကို ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဇ)ကို ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဈ)ကို ပုဒ်မခွဲ(ဇ) အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂(က)(၁)တွင် အောက်ပါရှင်းလင်းချက်ကို ဖြည့်စွက်ရမည်-

"**ရှင်းလင်းချက်။** လွှတ်တော်သက်တမ်း တစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် ယင်းလွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ၊ မဲဆန္ဒနယ်သုံးနယ်ထက် မနည်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်စေရမည်။"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**





**ကြည့်ရှု စစ်ဆေး**

**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်မည့် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ၌ ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှု

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်မည့် မဟာပါသာဏလိုဏ်ဂူကို စစ်ဆေး

# ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား

ရန်ကုန် နိုဝင်ဘာ ၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး တိုးချဲ့နိုင်ရေးအတွက် လမ်းမတော်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံများအား ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်၊ A1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ Golden Flower Co.,Ltd.နှင့် Original Group Co.,Ltd.တို့က တာဝန်ယူ ပြုပြင်တည်ဆောက်နေသော အဆောက်များနှင့် ပြုပြင်ပြီးစီးမှုလုပ်ငန်းများကို လည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဇော်က အဆောက်အအုံ ပုံစံရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ကြေးမုံ စာတည်းရှုထောင့်

၅-၁၁-၂၀၁၁[စနေနေ့]။

# အစိမ်းရောင်စီးပွားရေးသို့ တက်လှမ်းချိန်တန်

မျက်မှောက်ကမ္ဘာ လူသားများနေထိုင်ရာပတ်ဝန်းကျင်တွင် ရေ မြေ သဘာဝ ဥတုရာသီပြောင်းလဲနေ၏။ သစ်တောပြုန်းတီးမှုနှင့် လေထု ညစ်ညမ်းမှုများမှအစ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးနေပြီ။ ကမ္ဘာ တစ်ဝန်း၌ လေဘေး၊ ရေဘေး၊ ငလျင်ဘေးစသည့်သဘာဝဘေးအန္တရာယ် များ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည်။ တစ်နိုင်ငံမဟုတ် တစ်နိုင်ငံ၊ ဒေသ တစ်ခုမဟုတ် အခြားဒေသတစ်ခုတွင် ဖြစ်ပေါ်နေဆဲ။

အကြောင်းခံဇာစ်မြစ်မှာ လူသားများကြောင့်ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အပြိုင်အဆိုင်လုပ်ကိုင်လာကြ၍ ဖြစ်သည်။ သဘာဝ သယံဇာတများကို လိုအပ်သည်ထက် ပိုမိုထုတ်လုပ်သုံးစွဲကြ၍၊ ဈေးကောင်း ရရန် အလုအယက်ထုတ်လုပ်ရောင်းချကြ၍ လေထုတွင် ကာဗွန်များလာပြီး တစ်စတစ်စ ယိုယွင်းလာရာမှ သဘာဝဘေးအန္တရာယ်များ ရာသီမရွေး၊ အချိန်အခါမရွေး ဖြစ်ပေါ်ရခြင်းပင်။

ယင်းဖြစ်ရပ်ဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်ကို လျှော့ချနိုင် ရန် ကြံစည်လာကြပြီ။ ယိုယွင်းပျက်စီးနေသည့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်နိုင်ရန် တီထွင်ကြံဆနည်းလမ်းရှာဖွေခဲ့ကြသည်။ အစိမ်းရောင်စီးပွားရေး လုပ်ကိုင်ရန် လမ်းစကိုတွေ့မြင်ကြပြီ။ ကမ္ဘာတစ်ဝန်း အရှိန်အဟုန်မြင့်လုပ်ကိုင် နေကြပြီ။ အချို့နိုင်ငံများတွင် အစိမ်းရောင်နည်းပညာဖြင့် စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးနေပြီ။

အစိမ်းရောင်စီးပွားရေးဟူသည် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ဘဲ ပြည်သူအများ လူမှုစီးပွား စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေသည့် စီးပွားရေးလုပ်ငန်း များဖြစ်သည်။ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ရေစီမံခန့်ခွဲရေး၊ အလေ အလွင့်စီမံခန့်ခွဲရေးနှင့် မြေစီမံခန့်ခွဲရေးကဏ္ဍခြောက်ခုတွင် အခြေခံကာ လုပ် ဆောင်နေကြပြီ။

သာဓကအားဖြင့် ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာဆီများအစား ရေ၊ လေ၊ နေ စသည့်ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ သုံးစွဲကြသည်။ ဇီဝလောင်စာ၊ ဇီဝဓာတု၊ သဘာဝဓာတ်ငွေ့များ သုံးစွဲလာကြပြီ။ ထို့အတူ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးမသုံးစွဲဘဲ သဘာဝမြေဩဇာ သုံးစွဲခြင်း၊ သစ်တောပြုန်းတီးမှုမှ ကာကွယ်ခြင်း၊မြို့ပြပန်းခြံ ဥယျာဉ်တည်ဆောက်ခြင်း၊သဘာဝအခြေခံခရီးသွား လုပ်ငန်းများ စသည်စသည်တို့သည် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြစ်သည်။

မိမိတို့လုပ်ကိုင်နေသော လုပ်ငန်းများကို ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိအောင် အစိမ်းရောင်စီးပွားရေးလုပ်ငန်းအသွင်ဖြင့် ပြောင်းလဲလုပ်ကိုင်ရုံ သာ။ သို့သော် နည်းပညာများ ပြောင်းလဲရမည်။ သစ်တောများမပျက်စီးအောင် ထိန်းသိမ်းရမည်။ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရမည်ဆို သော လုပ်ငန်းဆောင်တာများဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်သည်။ မြန်မာနိုင်ငံ၌ အစိမ်းရောင်စီးပွားရေးလုပ်ကိုင်ရန် အခြေခံကောင်းများစွာ ရှိ၏။ အခြေအနေကောင်းများ ဖြစ်တည်နေ၏။ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူအများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် အစိမ်းရောင်စီးပွားရေးသို့ တက်လှမ်းကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်နှင့် ဥပ္ပါတသန္တိစေတီတော်တို့၌ ကျင်းပသည်။**

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီး ကော်မတီနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစီး ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဝန်ကြီးဌာနဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့ဝင်များက ဝတ်စုံ ပြည့် ပါဝင်အစမ်းလေ့ကျင့်ကြသည်။

ရှေးဦးစွာ နေပြည်တော်လေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ် တော်အား ပင့်ဆောင်လာသည့် လေယာဉ် မဆိုက်ရောက်မီ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့များက ကြိုတင်ပူဇော်ခြင်း၊ ဗုဒ္ဓမြတ်စွယ်တော်ရောက်ရှိစဉ် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား လေယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး ယာဉ်တန်း နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ ထွက်ခွာခြင်း အစီအစဉ်များကို ဝတ်စုံပြည့် အစမ်းလေ့ကျင့်ကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်မှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော် ရတနာရထားယာဉ်အား ဆင်ဖြူတော်နန္ဒဝတီဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကာ အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ခြင်း၊ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပြောင်းရွှေ့ခြင်း၊ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့သို့ အပူဇော်ခံထားရှိခြင်း အစီအစဉ်များကို နောက်ဆုံး ဝတ်စုံပြည့် အစမ်းလေ့ကျင့်ကြသည်။

ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုအပြီးတွင် ဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီးနှင့် ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များက ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး အစီအစဉ်များကို သုံးသပ်ဆွေးနွေးညှိနှိုင်းကြသည်။ (သတင်းစဉ်)



**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်စဉ်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၁၁-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၂။ အဖွင့်သီချင်း
- ၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၁)
- ၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ချစ်ကံပွင့်နှင့် မချောလေးဆယ် (ရန်အောင်၊ ဟိန်းဝေယံ၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင် နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-ဒေါန)**
- ၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၀)**

**ညပိုင်း**

- ၄း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၆ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၅၀ ၇။ ကုန်သွယ်သုတ
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၁၈)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ လူ့ရွှင်တော်စကား
- ၂၀။ မှတ်တမ်း
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၆)**
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၉၂)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၆၃၇၀ | ၀. ၀၃၂၆၄ |
| တရုတ် (ယွမ်) | ၆. ၃၄၄၃၇ | ၀. ၁၅၇၆၂ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၂၅၀ | ၀. ၀၂၀၄၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၁၄၀၀ | ၀. ၃၂၁၁၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၇၀၈ | ၀. ၇၈၉၂၂ |
| ဂျပန် (ယန်း) | ၇၈. ၁၄၄၈ | ၀. ၀၁၂၈၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၀. ၈၅ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၂၆၈၂ | ၁. ၃၇၅၈၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၄၆၉ | ၁. ၆၀၀၈၁ |

*အင်တာနက်။*

## မန္တလေးကုန်စည်ဈေးနှုန်း

(၄-၁၁-၂၀၁၁)

***ရွှေဈေး***

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၂၈၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၂၂၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၅၀၀၀ |

***ဆန်ဈေး (လမ်း ၃၀ ထုံးဘူးတန်းဆန်ဈေး) သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း***

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ် (ဟောင်း) | ၂၅၀၀၀ |
| စောရှုပ် (သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ (ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ (သစ်) | ၁၉၅၀၀ |
| ဇီယာ (ဟောင်း) | ၂၁၅၀၀ |
| ဇီယာ (သစ်) | ၁၅၅၀၀ |
| ကောက်ညှင်း (ရန်ကုန်) | ၃၀၀၀၀ |
| ကောက်ညှင်း (ပုသိမ်) | ၄၂၀၀၀ |

***ဆီဈေး***

| | |
|---|---|
| ပဲဆီ | ၂၉၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၄၀၀/၂၄၅၀ |
| ပန်းနှမ်းဆီ | ၂၈၀၀/၂၈၅၀ |
| နေကြာဆီ | ၂၈၀၀/၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၀၀/၂၈၀၀ |
| စားအုန်းဆီ | ၁၇၈၀/၁၈၀၀ |

***သကြားဒိုင်ဈေးနှုန်း***

| | |
|---|---|
| ခါသကြား | ၇၉၀/၇၈၀ |
| ပွတ်သား | ၆၃၀/၆၅၀/၆၂၀ |
| ခါရေ | ၃၂၀/၃၂၅ |
| ပေါင်းရေ | ၂၆၀ |

***စက်သုံးဆီ***

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၁၀. ၁၆ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၃၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၅၀၀/၃၃၀၀ |

(၀၀၂)

# ၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၄**

၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စာသင်ဖက်ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်၊ စာသင်ဖက်သူငယ်ချင်းများ မပျက်မကွက် ပါဝင်ဆင်နွှဲကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဒေါက်တာမောင်ဝင်း ဖုန်း-၀၉-၂၀၀၀၂၁၁၊ ၀၂-၃၉၀၀၇၊ ဒေါက်တာကိုကိုကြီး ဖုန်း-၀၉-၂၀၀၂၈၈၂၊ ဒေါက်တာအောင်ကျော်ဦး ဖုန်း-၀၉-၂၀၀၀၄၉၀၊ ဒေါက်တာရဲလွင် ဖုန်း-၀၉-၂၀၀၄၀၆၀ နှင့် ဒေါက်တာခင်မောင်ကျော် ဖုန်း-၀၉-၅၀၁၈၇၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**တောင်ဥက္ကလာပမြို့နယ် သာသနနုဂ္ဂဟအသင်းက ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက်က (၄)ရပ်ကွက် အလက(၆)၌ ကျင်းပရာ မြို့နယ် သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်စိန် သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။**

(၆၃)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝမ်နာ ဟိုယာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E.Mr. Julius Georg Luy နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများသည် ဧည့်သည်တော် နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝမ်နာ ဟိုယာအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ
# ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၇)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**

ယမန်နေ့က ပြင်ဆင်ချက်တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့သည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သည်။

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များဖြစ်သည့် အပိုဒ် ၅၊ အပိုဒ်ခွဲ (ဃ၊ စ၊ ဈ၊ ဋ)၊ အပိုဒ်၆၊ အပိုဒ်၇၊ အပိုဒ်ခွဲ (ဂ၊စ၊ဆ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ်၁၁၊ အပိုဒ်ခွဲ(က၊ဂ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဃ၊ ဇ)၊ အပိုဒ် ၁၃နှင့်အပိုဒ်ခွဲ(ဃ၊ စ၊ ည၊ ဋ၊ ဏ၊ ထ၊ န၊ ပ၊ ဖ၊ ဘ၊ ရ၊ ဠ၊ အ) ၊ အပိုဒ်၁၅၊ အပိုဒ်ခွဲ(စ၊ ဆ)၊ အခန်း(၉)၊ အပိုဒ် ၁၇၊ ၁၉၊ ၂၁၊ ၂၂၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ (ခ၊ ဂ)၊ အပိုဒ် ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ(က၊ ခ) ၊ အပိုဒ် ၄၁၊ ၄၂၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန်နှင့် အပိုဒ်၇ (က၊ ခ)၊ အပိုဒ်၁၃၊ အပိုဒ်ခွဲ (ဇ၊ ဗ)၊ အပိုဒ်၁၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ်၂၄၊ အပိုဒ် ၄၃တို့နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း ဆုံးဖြတ်သည်။

**ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကြပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များဖြစ်သည့် အပိုဒ်၂၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်၂၀ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန်နှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်၄နှင့်အပိုဒ်ခွဲ(က၊ ခ၊ င)၊ အပိုဒ်၅၊ အပိုဒ်၁၂ နှင့် အပိုဒ်ခွဲ(ခ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ)၊ အပိုဒ် ၁၃၊ အပိုဒ်၁၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၃၊ အပိုဒ်၂၄၊ အပိုဒ်ခွဲ (က)တို့ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းဆုံးဖြတ်သည်။



ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ယင်းဥပဒေကြမ်းကို အောက်တိုဘာ ၃ ရက်တွင် ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးအတည်ပြု၍ အမျိုးသားလွှတ်တော်သို့ အောက်တိုဘာ ၄ ရက်တွင် ပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်သို့ အောက်တိုဘာ ၂၈ ရက်တွင် ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

ဥပဒေကြမ်းနှစ်ခုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က သဘောတူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအား သက်ဆိုင်ရာဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း လွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက “ပြည်သူ့လွှတ်တော်က သဘောတူညီမှုမရှိသည့် ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း” အဆိုကို တင်သွင်းရာ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ပြုကြောင်း ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**တို့ကို နိုဝင်ဘာ ၃ ရက်တွင် လက်ခံရရှိကြောင်း၊ အဆိုပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် ဆွေးနွေးလိုသည့်အကြောင်းအရာဖော်ပြထားသော အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ထပ်မံကြေညာမည့်ရက် နောက်ဆုံးထားပေးပို့ကြရန်ဖြစ်ကြောင်းနှင့် အမျိုးသားလွှတ်တော်၌ စတင်တင်သွင်းအတည်ပြုပြီးသော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က နိုဝင်ဘာ ၂ ရက်တွင် လက်ခံရရှိကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

## ဧည့်လမ်းညွှန်များသိစေရန် အသိပေးကြေညာခြင်း

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်မှု အဆင်ပြေလွယ်ကူစေရန်နှင့် လုံခြုံမှုရှိစေရန်တို့အတွက် နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုအဆင်ပြေလွယ်ကူရေးကော်မတီကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ လုပ်ကိုင်ရာတွင် လိုင်စင်ရ ဧည့်လမ်းညွှန်များကိုလည်း အခြေခံသင်တန်းနှင့် မွမ်းမံသင်တန်းများတွင် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေ၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်များ၊ လိုင်စင်ဆိုင်ရာစည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်သည်။

ယခုအခါ နိုင်ငံခြားခရီးသွားဧည့်သည်များ အထူးလေ့လာကြည်ညိုကြသည့် ရွှေတိဂုံစေတီတော်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်နှင့် ကျိုက်ထီးရိုးဘုရား အစရှိသည့်နေရာများတွင် ဧည့်လမ်းညွှန်များ၏ ရှင်းလင်းပြသမှု၊ စည်းကမ်းရှိမှုနှင့် ဧည့်သည်များအား ထိန်းသိမ်းစောင့်ရှောက်မှုများကို နိုင်ငံခြားသားခရီးသွားဧည့်သည်စောင့်ရှောက်ရေးအဖွဲ့များမှ ကြည့်ရှုကြပ်မတ်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

သို့ဖြစ်၍ ဧည့်လမ်းညွှန်များအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ကျူးလွန်ဖောက်ဖျက်ပါက မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ**

## အထက(၂) မြင်းခြံ တတိယအကြိမ်မြောက်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

အထက(၂) မြင်းခြံ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကန်တော့ကြရန်နှင့် ဒုတိယဗိုလ်မှူးကြီးချိုဦး (ပုသိမ်လေတပ်စခန်း ဌာနချုပ်၊ ပုသိမ်မြို့) ဖုန်း-၀၉-၅၁၆၃၂၈၆၊ ဦးသောင်းညွန့် (လ/ထ ညွှန်ကြားရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး နေပြည်တော်) ဖုန်း-၀၉-၄၉၃၆၄၃၁၃၊ ဦးသန်းဆွေဝင်း (ဒု/ညွှန်မှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေပြည်တော်) ဖုန်း-၀၉-၅၁၃၄၁၀၉၊ ဦးဌေးဝင်း(မြင်းခြံ) ဖုန်း-၀၉-၂၂၁၅၀၂၀၊ ဦးမြင့်နိုင်ဦး (မြင်းခြံ) ဖုန်း-၀၉-၂၂၁၅၆၇၀၊ ဦးမြင့်ဇော်ဦး (ဗန်းမော်) ဖုန်း-၀၇၄-၅၀၂၀၇နှင့် ၀၉-၉၀၅၈၈၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစည်းအဝေး ကျင်းပ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားကို မျှော်မှန်းပြီး ဆွေးနွေးကြစေလို

**နေပြည်တော် နိုဝင်ဘာ ၄**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် တိုက်ရိုက်ပတ်သက်နေကြောင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်မည့်အပြင် နိုင်ငံ၏ စီးပွားရေးတစ်ရပ်လုံး တိုးတက်ဖွံ့ဖြိုးမှုကိုလည်း လက်တွေ့ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစည်းအဝေး တက်ရောက်လာကြ သူများအနေဖြင့် နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားကို မျှော်မှန်းပြီး ဆွေးနွေး ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူတို့က ဆွေးနွေးတင်ပြကြသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပွဲ၏ ရလဒ်များ၊ အကြံဉာဏ် ကောင်းများကို ထိထိရောက်ရောက်အသုံးပြုပြီး အကောင်အထည်ဖော်ခြင်းဖြင့် တောင်သူလယ်သမားများ၏ အကျိုး၊ နိုင်ငံတော်၏ အကျိုးကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ရေတိုရေရှည် အကောင်အထည်ဖော်ရန်အချက်များကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မျက်ခြည်မပြတ် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြ စေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၅-၁၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နမောနမော (သန်းမြတ်စိုးနှင့် အဖွဲ့)
- ၇း၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ "သုတရောင်စုံပန်းခင်း"
- ၈း၁၀ ၈။ ကဗျာပန်းဥယျာဉ်
- ၈း၂၅ ၉။ အကပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၅၀ ၅။ "နှုတ်မြိန့်ဖွယ်ရာချစ်ဟင်းလျာ"
- ၂း၀၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၂၀)**
- ၂း၅၅ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ အတီးပြိုင်ပွဲ
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅း၂၀ ၇။ "လှပစုံလင် အာဆီယံတစ်ခွင်"
- ၅း၃၀ ၈။ ရောင်စုံရေးသီ တေးပန်းချီ
- ၅း၄၅ ၉။ "စိမ်းလန်းပါစေ ဤကမ္ဘာမြေ"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၂၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၂)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၂၂)**
- ၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၁။ အစီအစဉ်ပြီး၏။

# နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ သင်တန်းများဆင်းပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၄

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ်( ၃/၂၀၁၁) နှင့် ကွန်ပျူတာကျွမ်းကျင်မှု အဆင့်မြင့်သင်တန်း အမှတ်စဉ် (၂/၂၀၁၁)ဆင်းပွဲများ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာ၌ ကုန်သွယ်မှုမူဝါဒ လုပ်ထုံးလုပ်နည်းများ ကျေညက် ကျွမ်းကျင်ရမည်ဖြစ်သည့်အပြင် နယ်စပ် ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဖွဲ့စည်း ထားသောOne Stop Service -OSS ၌ ပါဝင်သည့် အခြားအဖွဲ့ဝင်ဌာနများ၏ လုပ်ထုံးလုပ်နည်းများကိုလည်း နားလည် ရမည်ဖြစ်ကြောင်း၊ သို့မှသာ စုပေါင်း ဦးဆောင်မှု၊ စုပေါင်းတင်ပြ ဖြေရှင်းမှု ပုံစံဖြင့် ကုန်သွယ်မှုလုပ်ငန်းများချောမွေ့ မြန်ဆန်လာမည်ဖြစ်ကြောင်း၊ တစ်ဖက် ကလည်း ခေတ်မီတိုးတက်လာသည့် ICT နည်းပညာနှင့်အညီ မိမိတို့နိုင်ငံ၊ မိမိတို့ဝန်ကြီးဌာနသည်လည်း ဟန်ချက် ညီညီ လိုက်ပါဆောင်ရွက်ရန်လိုအပ် ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သင်တန်းတွင်ဆုရရှိကြသူ များအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ဆုများ ပေးအပ်ချီးမြှင့်ကြ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၃/၂၀၁၁) နှင့် ကွန်ပျူတာကျွမ်းကျင်မှု အဆင့်မြင့် သင်တန်း အမှတ်စဉ်(၂/၂၀၁၁) ဆင်းပွဲများ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# တရုတ်မသန်စွမ်း အနုပညာရှင်အဖွဲ့ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်

**ရန်ကုန် နိုဝင်ဘာ ၄**

တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ် အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှပသောတမန်တော် (My Dream) တရုတ် မသန်စွမ်း အနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်ပွဲကို နိုဝင်ဘာ ၃ ရက် ည ၆ နာရီခွဲ တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီး များနှင့် ၎င်းတို့၏ဇနီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်း ဟွာ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီး ဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြ သည်။

ရှေးဦးစွာ တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့မှ အနုပညာရှင်များက ဗောဓိသတ္တ လက်တစ်ထောင်ကကွက်၊ ကဗျာရွတ်ဖတ်ခြင်း၊ ပီကင်းအော်ပရာရိုးရာ တူရိယာ တီးမှုတ်ခြင်း၊ တရုတ်ရိုးရာအကများ၊ တစ်ဦးချင်းနှင့် စုံတွဲတေးသီချင်း သီဆိုဖျော်ဖြေ တင်ဆက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။အဆိုပါကပွဲကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အထိမ်းအမှတ်တံဆိပ်နှင့် အထိမ်းအမှတ်လာဘ်ရုပ်ပုံပြိုင်ပွဲမှ ဆုရရှိသူများ စာရင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ ကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo) နှင့် အထိမ်း အမှတ် လာဘ်ရုပ်ပုံ (Mascot) ရေးဆွဲပြိုင်ပွဲကို ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင် သူများအနက်မှ အထိမ်းအမှတ်တံဆိပ် (Logo) ပြိုင်ပွဲတွင် ဦးအာကာအောင် နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/မရက (နိုင်)၁၀၅၀၈၂] နှင့် အထိမ်းအမှတ် လာဘ်ရုပ်ပုံ (Mascot) ပြိုင်ပွဲတွင် ဦးသူရ(ကာတွန်း) နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/ရကန(နိုင်) ၀၅၆၂၈၀] တို့၏ Logo နှင့် Mascot ပုံများအား ရွေးချယ်ထား ကြောင်းနှင့် ဆုချီးမြှင့်ပွဲပြုလုပ်မည့်ရက်ကို ကာယကံရှင်များထံ ထပ်မံဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးပို့လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ကကြီးမှူး၍ နှစ်စဉ် ကျင်းပမြဲ ဖြစ်သည့် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် အသက် (၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲကို ယမန်နှစ်များ အတိုင်း ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သက်ကြီးစာပေပညာ ရှင်ကြီးများအား ကန်တော့နိုင်ရေး အတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်း ဖြစ်စေ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ (ဗဟို) အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်) ကျောက် တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဘဏ္ဍာရီအီးဒ်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့ လော်ကားဥယျာဉ် အချိန်တိုး ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း နိုဝင်ဘာ ၇ ရက် ဘက္ကရီအီးဒ်နေ့နှင့် နိုဝင်ဘာ ၁၀ ရက် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် အများပြည်သူ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထား မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော် စတုတ္ထအချီ ဒေသစာရီ

မောင်ချစ်အေး (ခေတ္တ-ပေကျင်း)

လူ့ဘဝသည် ရခဲလှပါ၏။ လူ့ပြည်နှင့် နတ်ပြည်မှ အပ်နှစ်စင်းတို့ ထိပ်တိုက်တွေ့ရန်ထက် ခက်ခဲလှသည်ဟု ဆိုပါသည်။ ထို့ထက် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူသောကာလနှင့် ကြုံကြိုက်ရန် ပို၍ခဲယဉ်းလှပါသည်။ မြတ်စွာဘုရားရှင်နှင့် မကြုံကြိုက်သည့်တိုင် ဘုရားသာသနာထွန်းကားချိန်တွင် လူဖြစ်ရလျှင်ပင် လူဖြစ်ကျိုးနပ်လှပါသည်။ ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာ အမွေအနှစ်နှင့်အလေ့အကျင့်တို့ ထိန်းသိမ်းတည်တံ့ထွန်းကားရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်သည် စတုတ္ထအချီ ဒေသစာရီ ကြွချီလာပေတော့မည်။

နိုင်ငံတော်သမ္မတကြီး ၂၀၁၁ ခုနှစ် မေလက သွားရောက်ခဲ့သော တရုတ်ပြည် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာပြည်သူများအတွက် ပုဗ္ဗစေတနာ သဒ္ဓါထက်သန်စွာဖြင့် အစပျိုးစီစဉ်ခဲ့ခြင်းဖြစ်သည်။ တရုတ်-မြန်မာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို အကြောင်းပြု၍ မိုင်ပေါင်းရာထောင်ချီပြီး ဝေးကွာလှသည့်အရပ်မှ တန်ဆောင်တိုင်ခါတော်မီကြွချီလာမည့် မြတ်စွယ်တော်နှင့်ပတ်သက်၍ ကြိုတင်ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် ဤဆောင်းပါးဖြင့် ဓမ္မဒါနပြုတင်ပြအပ်ပါသည်။

သဗ္ဗညုတ ဉာဏ်တော်ရှင် ဗုဒ္ဓဘုရားသခင်၏မြတ်စွယ်တော်ကိုကိုယ်တိုင်ဖူးမြော်ကြည်ညိုရသည့်အခါ သက်တော်ထင်ရှား သုံးလူ့ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား စိတ်ဝယ်ထင်ထင် ယုံကြည်ကြိမ်ကြိမ် သဒ္ဓါရှိန်ဖြင့် အာရုံပြုနိုင်ရန်လည်း ရည်သန်ပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များကိုလည်း ပထမတစ်ကြိမ်ပင် ဖူးမြင်ရခြင်းဖြစ်လင့်ကစား၊ အသိဉာဏ်ထက်မြက်သောအရွယ်တွင် ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်း၍ နှလုံးသားဝယ် ဘုရားတည်နိုင်ကြစေရန်နှင့် ဗုဒ္ဓအဆုံးအမ (Buddha Thoughts)များကို နှလုံးသွင်းနိုင်ကြစေရန်လည်း ရည်သန်နိုးဆော်အပ်ပါသည်။

## ဗုဒ္ဓစွယ်တော်မြတ် သမိုင်းအကျဉ်း

လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ၄၅ဝါပတ်လုံး လောက(၃)ပါးအား တရားဖြင့် စောင့်ရှောက်ပြီးနေစဉ်သက်တော် ၈၀ အရောက်ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်၍ တေဇောဓာတ်လောင်ကျွမ်းပြီးနောက် မကွဲမပြား တစ်သားတည်းတည်သော အသဗ္ဘိဓာတ်တော်များဖြစ်သည့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ စုစုပေါင်းခုနစ်ဆူနှင့် ဓာတ်တော် မွေတော်များ ကျန်ရစ်တော်မူခဲ့ပါသည်။

ကြွင်းကျန်ခဲ့သော စွယ်တော်အရွယ်ပမာဏမှာ ၁၉၅၉ ခုနှစ်တွင် ဆရာတော်ဦးအာလောက ရေးသားသော တစ်ဆယ့်ခြောက်ဌာနဘုရားရှိခိုးတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

- စွယ်တော်လုံးပတ်၊ မြမှတ်ကြစေ၊ အချင်းထိပ်ဦး၊ ခြောက်မူးခန့်ပေ၊ နှစ်ကျပ်မူးယွန်း၊ အဝန်းမှန်ပေ၊ အလျားမှတ်၊ နှစ်ကျပ်မတ်တင်းနေ။
- အမြစ်လုံးပတ်၊ ငါးမတ်ခန့်သာ၊ အောက်ထိပ်အမှူး၊ သုံးမူးပမာ၊ ရောင်ခြည်လောဟိ၊ နီဘိဖြူဝါ၊ နီဖန်များ၊ နည်းပြားဖြူအဝါ။

တေဇောဓာတ်လောင်ကျွမ်းသဖြင့် ရရှိလာသော ဓာတ်တော်မွေတော်များအား ရယူလိုသဖြင့် တိုင်းပြည်(၈)ပြည်ထောင်မှဘုရင်များ စစ်တပ်ချီ၍ စုဝေးရောက်ရှိခဲ့ကြသည်။ မြတ်စွာဘုရားသခင်၏ဓာတ်တော်များအား ငြိမ်းချမ်းစွာဖြင့် အညီအမျှသုံးပုံစုပုံပြီး လူ့ပြည်၊နဂါးပြည်၊နတ်ပြည်တို့ ခွဲဝေယူခဲ့ကြသည်။ လူ့ပြည်အတွက် ဝေစုကို ရှင်ဘုရင်ရှစ်ပါးတို့ အညီအမျှထပ်မံခွဲဝေယူကြရာတွင် စွယ်တော်နှစ်ဆူလည်း ပါဝင်သည်။ ကျန်စွယ်တော်နှစ်ဆူမှာ နတ်ပြည်နှင့် နဂါးပြည်တို့သို့ ပင့်ဆောင်သွားခဲ့ကြကြောင်း မှတ်သားရပါသည်။ လူ့ပြည်ရှိစွယ်တော်နှစ်ဆူအနက် တစ်ဆူမှာ သီရိလင်္ကာနိုင်ငံသို့ ပင့်ဆောင်သွားခဲ့ပြီး ကျန်တစ်ဆူမှာ တရုတ်နိုင်ငံ လင်ကွမ်းကျောင်းတော်၌ မူရင်းအတိုင်းစံပယ်လျက်ရှိပါသည်။ သီရိလင်္ကာရှိ စွယ်တော်မှာ လက်ဝဲအောက်စွယ်တော်ဖြစ်ပြီး တရုတ်နိုင်ငံရှိစွယ်တော်မှာ လက်ဝဲအထက်စွယ်တော်ဖြစ်ပါသည်။

## စိနတိုင်းခေါ် တရုတ်ပြည်မှ စွယ်တော်မြတ်သမိုင်းအကျဉ်း

တေဇောဓာတ်လောင်ကျွမ်းပြီး ကြွင်းကျန်သော ဓာတ်တော်မွေတော်များကို နတ်ပြည်၊ လူ့ပြည်နှင့် နဂါးပြည်တို့ သုံးပုံအညီအမျှခွဲဝေယူခဲ့ကြသည်။ လူ့ပြည်မှ ဝေစုကို ဘုရင်ရှစ်ပါးတို့ ငြိမ်းချမ်းစွာ ထပ်မံခွဲဝေယူကြရာ၌ မင်းတို့၏ဆရာ ဒေါနပုဏ္ဏားကြီးသည် မြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါရှိလှသဖြင့် အထက်လက်ဝဲစွယ်တော်အား ၎င်း၏အကျီကြား၌ သိုဝှက်ထားခဲ့သည်။ ၎င်းစွယ်တော်မြတ်သည် ဂန္ဓာရတိုင်း၊ ဥဓနနိုင်ငံ (ယခုပါကစ္စတန်နိုင်ငံ)တွင် ဦးစွာစံပယ်ခဲ့သည်။ ရဟန်းတော်တစ်ပါးက ပါကစ္စတန်နိုင်ငံ သိန္ဓုမြစ်ကမ်း(ယခု တက္ကသီလာ Texila မြို့)အနီးတွင် စေတီကိုးကွယ်ဌာပနာထားခဲ့သည်။ တက္ကသီလာသည် အစ္စလာမ္မာဘတ်မြို့တော်မှ အနောက်ဘက်ကားဖြင့်သွားလျှင် တစ်နာရီကျော်ခန့်သာ ကွာဝေးပါသည်။ အိန္ဒိယနိုင်ငံ ဗာရာဏသီမှဆိုလျှင် ယူဇနာ ၂၀၀ ကွာဝေးပြီး မြတ်စွာဘုရားလက်ထက် တိုင်းကြီးကိုးတိုင်းသို့ သာသနာပြုရဟန်းသံဃာများ စေလွှတ်ခဲ့ရာတွင် အပါအဝင်တိုင်းတစ်ခုဖြစ်ခဲ့ပါသည်။ တက္ကသီလာရှိ ပက္ကုသာတိမင်းသည် စာဂဓတိုင်း ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမင်း ရေးပေးလိုက်သော ရတနာသုံးပါးဂုဏ်တော်ကို ဖတ်ရှုရပြီး နောက်မြတ်စွာဘုရားကို ဖူးမြော်ရန် ရာဇဂြိုဟ်သို့ ထွက်ခွာလာရာ လမ်းခရီးတွင် ဘုရားရှင်နှင့်တစ်ညသာ ဖူးတွေ့ရပြီး နောက်တစ်နေ့၌ အနာဂါမ်ပုဂ္ဂိုလ်အဖြစ် စုတေသွားခဲ့ရာ အဝိဟာရ ဗြဟ္မာဘုံတွင် ဖြစ်ဆဲခဏ၌ ရဟန္တာဖြစ်သွားခဲ့ကြောင်း ဖတ်ရှုမှတ်သားရပါသည်။ ဂန္ဓာရတိုင်း (ယခုပါကစ္စတန်)ကိုလည်း ဗုဒ္ဓသာသနိကမြေပုံတော်ချပ်တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် ဥဓနနိုင်ငံ (ယခုပါကစ္စတန်)မှတစ်ဆင့် နယ်မြေချင်းဆက်စပ်နေသော တရုတ်နိုင်ငံ ရှင်းကျန်းပြည်နယ် ဟောထရန်းခရိုင် ခိုတန်မြို့သို့ ပင့်ဆောင်ရောက်ရှိခဲ့သည်။ ထို့နောက် တရုတ်တောင်ပိုင်း နန်ချောင်(Nan Chao) မင်းဆက်ကာလဘုန်းတော်ကြီး ဖာရှန်း (Fa Xian) (အေဒီ ၄၂၄-၄၉၈)က စွယ်တော်မြတ်အား ခိုတန်အရပ်မှတရုတ်တောင်ပိုင်း ချီမင်းဆက်မြို့တော် နန်ကျင်းသို့ ပင့်ဆောင်ခဲ့သည်။ ၎င်းနောက် ဆွေမင်းဆက်လက်ထက်တွင် တရုတ်တစ်နိုင်ငံလုံးအား စည်းရုံးသိမ်းသွင်းပြီးနောက် မြို့တော်သစ် ချန်အမ်း(ယခု ရှီးအန်း Xian)သို့ ပင့်ဆောင်သွားခဲ့သည်။

ထို့နောက် တရုတ်မင်းဆက် (၅)ဆက်ကာလ (၁၀)ပြည်ထောင်ခေတ်တွင် တရုတ်အလယ်ပိုင်းဒေသများမှာ တရုတ်ချောင်ထရယ်မင်းနိုင်ငံအတွင်း ကျရောက်ခဲ့ပြီး ဗုဒ္ဓစွယ်တော်မြတ်မှာလည်း နေရာတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ လျောင်မင်းဆက်လက်ထက်တွင် Yan Jing ယန့်ကျင်းမြို့ (ယခု Beijing ပေကျင်းမြို့)သို့ ရောက်ရှိခဲ့ပါသည်။ လျောင်မင်းဆက်အကြောင်း ရေးသားထားသည့် အတွဲပေါင်း ၂၂ တွဲရှိသည့် မင်းဧကရာဇ်တောက်ကျုံး (Emperor Dao Zong)၏ သမိုင်းမှတ်တမ်းများအရ ဗုဒ္ဓမြတ်စွယ်တော်သည် ခရစ်သက္ကရာဇ် ၁၀၇၁ခုနှစ် သြဂုတ်လ၌ ကျောင်းရှန်စေတီ (Zhao Xian) တွင် ကိန်းဝပ်စံပယ်ခဲ့ကြောင်း သိရှိရပါသည်။

ကျောင်းရှန်စေတီမှာ တရုတ်ကျောက်များဖြင့် တည်ဆောက်ထားသော အဌဂံပုံစံ အထပ်(၁၀)ထပ်ရှိ စေတီဖြစ်ပါသည်။ စေတီတော်နံရံတွင် ကျောက်ဆစ်ပန်းချီလက်ရာများဖြင့် ဘုရားစေတီပုံတော်များအား မွမ်းမံထားသောကြောင့် "ပုံတော်တစ်ထောင်ပန်းချီကားဘုရား"ဟူ၍လည်း ထင်ရှားပါသည်။ ၁၉၀၀ပြည့်နှစ်တွင် ပြည်ပနိုင်ငံရှစ်နိုင်ငံမှပူးပေါင်း၍ တရုတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ဖျက်ဆီးခဲ့ကြသဖြင့် ရှေးဟောင်းအမွေအနှစ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကျောင်းရှန်စေတီနှင့် ၎င်းအနီးရှိ လင်ကွမ်းဘုရားကျောင်းတို့မှာ ပေကျင်းမြို့၏ ဆင်ခြေဖုံးနေရာတွင်ရှိသောကြောင့် အမြောက်ဒဏ်၊ ဗုံးဒဏ် အနည်းငယ်သာ ခံခဲ့ရသည်။ ဘေးရန်များ ကင်းဝေးပြီးနောက် ဘုန်းတော်ကြီးတို့ စေတီတော်အား ပြန်လည်ရှင်းလင်းကြစဉ် စေတီ၏အောက်ခြေ မြေအောက်မှ ကျောက်သားသေတ္တာတစ်လုံးကို တွေ့ရှိခဲ့ကြသည်။ ၎င်းကျောက်သေတ္တာအတွင်းမှ စန္ဒကူးအသားဖြင့် ပြုလုပ်ထားသော သစ်သားသေတ္တာငယ်တစ်လုံးကို ထပ်မံတွေ့ရှိခဲ့ကြရာ သေတ္တာပေါ်တွင် အောက်ပါစာတမ်းကို တွေ့ရှိခဲ့ပါသည် -

> "စကြာမုနိဘုရားရှင်၏ အံ့ချီးဖွယ်ရာ မြတ်စွယ်တော်၊ ရေးသားသူ- ရှန်းဟွေ့ (Shan Hui)၊ ၄လပိုင်း၊ ၂၃ ရက်၊ တရုတ်ထရန်းဟွေ့နှစ်(၇)"
>
> (တရုတ်ထရန်းဟွေ့နှစ် ၇ နှစ်မှာ တရုတ်မြောက်ပိုင်း ဟန်မင်းဆက်လက်ထက်က အသုံးပြုသောနှစ်ဖြစ်ပြီး ခရစ်နှစ် ၉၆၃ ခုနှစ်ဖြစ်ပါသည်။)
>
> "Holy tooth-relic of the Lord Buddha Shakya Muni: writ ten by Shan Hui, on the twenty third day of the fourth month of the seventh year Tianhui."

သေတ္တာပေါ်တွင် မှတ်တမ်းရေးထိုးထားသည့် ရှန်းဟွေ့အမည်မှာ တရုတ်မင်းဆက် (၅)ဆက်ကာလတွင် မြောက်ပိုင်းဟန်မင်းနယ်မှ တရုတ်ဘုန်းတော်ကြီး၏ အမည်ဖြစ်ပါသည်။ ဟန်မင်းဆက်မှာ တရုတ်မင်းဆက်(၅)ဆက် ကျဆုံးပြီးနောက် ရှန်းရှီးမြောက်ပိုင်းမှ တရုတ်စုန့်ဘုရင်အား တော်လှန်ပုန်ကန်၍ ကြီးထွားလာခဲ့ပါသည်။ သို့သော် ၎င်းမင်းဆက်မှာ နောက်ပိုင်းတွင် တရုတ်စုန့်မင်း၏ ချေမှုန်းတိုက်ခိုက်ခြင်းခံခဲ့ရပါသည်။ ဗုဒ္ဓစွယ်တော်မြတ်အား ၁၀၇၁ ခုနှစ်တွင် စေတီတော်အတွင်း ဌာပနာခဲ့ပြီး ၁၉၀၀ ခုနှစ်မှ တစ်ဖန် ပြန်လည်ဖူးမြင်ရခြင်းဖြစ်သောကြောင့် နှစ်ပေါင်း(၈၃၀)မျှ ကျောင်းရှန်စေတီအတွင်း ကိန်းဝပ်ခဲ့ပါသည်။ ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်တွေ့ရှိခဲ့ပြီးနောက် ယခုအခါ ပေကျင်းမြို့ အနောက်အရပ်ရှိ ထင်ရှားသော ပါ့တာ့ချူးတောင်၊ လင်ကွမ်းကျောင်းတော် စွယ်တော်တိုက်တွင် မြန်မာနိုင်ငံမှလှူဒါန်းထားသော ကျွန်းသစ်ရတနာတန် ၃၀၀ ဖြင့် မွမ်းမံတည်ဆောက်ထားသော ကျောင်းဆောင်တစ်ခုရံလျက် ခမ်းနားထည်ဝါသော ဂန္ဓကုဋိတိုက်အတွင်း တင့်တယ်သပ္ပာယ်စွာ စံတော်မူလျက်ရှိပြီဖြစ်ပါသည်။

## မြတ်စွယ်တော်တိုက်၏ တိုးတက်ဖြစ်ပေါ်မှုများ

တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်တို့အတွက် ဗုဒ္ဓမြတ်စွယ်တော် ပြန်လည် ပေါ်ထွန်းလာပြီးနောက် တရုတ်နိုင်ငံတွင် ရာစုနှစ်တစ်ဝက်ခန့်မှာ တရုတ်မျိုးချစ်တပ်ဖွဲ့များမှ ကျူးကျော်သူများကို ပြန်လည်တွန်းလှန်တိုက်ခိုက်နေရသောကြောင့် ပြည်တွင်းရေးများရှုပ်ထွေးကာ မြတ်စွယ်တော်အရေးကို အလေးမထားနိုင်ခဲ့ကြပေ။ တရုတ်ပြည်သစ်ထူထောင်ပြီးချိန်မှသာ တရုတ်ဗုဒ္ဓဘာသာဝင်များ၊ ဘုန်းတော်ကြီးများနှင့် ပြည်သူ့အစိုးရတို့ ပူးပေါင်းညီညွတ်စွာဖြင့် ဗုဒ္ဓမြတ်စွယ်တော်အား ကွမ်ကျီးကျောင်းတော်သို့ ပင့်ဆောင်ခဲ့ကြသည်။ ရတနာ (၇)သွယ်စီခြယ်ထားသည့် စွယ်တော်ပလ္လင်နှင့်စီစဉ်၍ တင့်တယ်ခံ့ညားထည်ဝါ သပ္ပာယ်စွာ အထွတ်အမြတ်ထား ကိုးကွယ်ခဲ့ကြရာ နိုင်ငံရပ်ခြားသို့ မြတ်စွယ်တော်၏ ဂုဏ်သတင်း ပျံ့နှံ့ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများသို့ ဒေသစာရီကြွချီ၍ ဗုဒ္ဓဘာသာဝင်ပြည်သူများ၏ ပူဇော်အထူးကို ခံယူခဲ့သည်။ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား အစရှိသော ဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် မြတ်စွယ်တော်၏ ဂုဏ်သတင်း ပျံ့နှံ့ထင်ရှားခဲ့ကြသည်။

၁၉၅၇ ခုနှစ်တွင် တရုတ်နိုင်ငံ ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရားဖြင့် စွယ်တော်တိုက်စေတီတော်အသစ်တစ်ဆူကို နှစ်ထောင်ချီ တည်တံ့စေရန် ရည်သန်ဆောက်လုပ်ခဲ့ကြသည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်း ခေတ်မီဆန်းသစ်သည့် စေတီတော်တစ်ဆူနှင့် ခမ်းနားသောကျောင်းဆောင်တစ်ခုကို တည်ဆောက်ခဲ့ကြသည်။ စေတီတော်မှာ မြေအကျယ် ၂၂ စတုရန်းမီတာအပေါ်တွင် အောက်ခြေအုတ်ခုံအမြင့် ၂ ဒသမ ၇ မီတာ၊ အဆောက်အအုံအမြင့် ၅၁ မီတာ၊ ထောင့်ချိုး ရှစ်ခု၊ အထပ် ၁၃ ထပ်ရှိပါသည်။ တရုတ်ရှေးခေတ် စေတီလက်ရာများကို အခြေခံလျက် ခေတ်သစ်နည်းစနစ်များနှင့် ပေါင်းစပ်ဆောက်လုပ်ထားပါသည်။ အပြင်ပိုင်းအား တရုတ်ထန်မင်းဆက်နှင့် စုန့်မင်းဆက် လက်ထက်တို့တွင် ထင်ရှားသော တစ်ထပ်ခန်းချင်းဆင့်၍ အစိမ်းရောင် စဉ့်ထည်ပန်းချီများ ထည့်သွင်း ဆောက်လုပ်ခဲ့ပါသည်။ အထပ်တိုင်းတွင် ပြတင်းပေါက်၊ လေဝင်ပေါက်များထားရှိပြီး အတွင်းပိုင်း အပေါ်ခုနစ်ထပ်တွင် ခန်းမငယ်ပုံစံများအတိုင်းဆင့်ထား၍ အောက်ပိုင်းအထပ်များမှာ အလုံပိတ်အခန်းများဖြစ်ပြီး တရုတ်အနုပညာလက်ရာများဖြင့် ခြယ်မှုန်းထားပါသည်။

စေတီအတွင်းပိုင်းပတ်လည်တွင် ထည့်သွင်းဆောက်လုပ်ထားသော ကြောင်လိမ်ကျောက်လှေကားမှာလည်း လှေကားထစ်များ လူကြီးလူငယ်မရွေး ပြေပြစ်ညင်သာစွာ တက်လှမ်းနိုင်အောင် စီစဉ်ထားပြီး စွယ်တော်မြတ်သီတင်းသုံးရာ ထိပ်ဆုံးဂန္ဓကုဋိတိုက်ခန်းသို့ တက်ရောက်နိုင်ပါသည်။ မြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ အထွတ်အမြတ်ခန်းတွင် ရွှေပလ္လင်နှင့် ရတနာ(၇)သွယ် စီခြယ်ထားသည့် ကြုတ်တော်အတွင်း မြတ်စွာဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်မြတ်ကို မူလအတိုင်း ကြည်ညိုသဒ္ဓါပွားနိုင်ပါသည်။ မြတ်စွယ်တော်၏ ဂန္ဓကုဋိတိုက်အတွင်း တာ့လီမြို့မှထွက်သော ကျောက်ဖြင့် အမိုးပေါ်တွင် နဂါးနှစ်ကောင် ယှက်နွယ်နေပုံ ရုပ်ကြွရုပ်လုံးများ ထုဆစ်တန်ဆာဆင်ထားပါသည်။ ယခုအခါ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူတို့ ပူဇော်ပေးပို့လှူဒါန်းထားသော ရတနာကျွန်းသစ်များဖြင့် ဂန္ဓကုဋိတိုက် အတွင်းနံရံများတွင် သစ်ထွင်းဗုဒ္ဓဖြစ်စဉ် ပန်းချီရုပ်လုံးများ တန်ဆာဆင်ထားသည်မှာလည်း တင့်တယ် ခံ့ညားလှပါသည်။ မြန်မာ့ကျွန်းသစ်ရတနာများနှင့် တရုတ်အနုပညာလက်ရာများ ပေါင်းစပ်၍ ဗုဒ္ဓမြတ်စွယ်တော်အား ပူဇော်ထားသည်မှာ ဂန္ဓကုဋိတိုက်အတွင်း ဝင်ရောက်လာသူတိုင်း၏ စိတ်နှလုံးကို သိမ်းကျုံးလျက် သက်ရှိထင်ရှား ဗုဒ္ဓဘုရားရှင်၏ အငွေ့အသက်နှင့် အရိပ်အာဝါသအောက် အေးချမ်းတည်ငြိမ်စွာ ခေတ္တရောက်ရှိ ခိုလှုံရဘိသကဲ့သို့ ခံစားကြရပါသည်။

(နိဗ္ဗာန်ဆော်စကားချပ်။ ။ ဗုဒ္ဓမြတ်စွယ်တော် ကိန်းအောင်းစံပယ်တော်မူသော ရွှေပလ္လင်နှင့် ရတနာ (၇)သွယ်စီခြယ်ထားသော ကြုတ်စေတီမှာ အလျား ၂၃ လက်မ၊ အနံ ၂၃ လက်မ၊ အမြင့် ၄၄ လက်မရှိပြီး အောက်ခြေခုံအမြင့် ၄ ဒသမ ၂ လက်မ ရှိ၍ ၎င်းနှင့်လိုက်ဖက်သော ဆင်စွယ်အစုံတစ်စုံ ထားရှိပူဇော်လိုကြောင်း မြတ်စွယ်တော်ကို အနီးကပ်စောင့်ရှောက်ထိန်းသိမ်းနေသော ဆရာတော်ကြီးမှ ဆန္ဒရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှ သဒ္ဓါရှင်များ၊ မြန်မာသံရုံး၊ ပေကျင်းမြို့မှတစ်ဆင့် ဆက်သွယ်၍ ကမ္ပည်းရေးထိုးလှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။)

မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းပေးပို့ခဲ့သော ကျွန်းသစ်ရတနာတန်၃၀၀နှင့်အသစ်မွမ်းမံဆောက်လုပ်ခဲ့သော ကျောင်းဆောင်ကြီးတစ်ခုနှင့် တင့်တယ်ခမ်းနားထည်ဝါစွာ ပြုပြင်ထားသော ဂန္ဓကုဋိတိုက်ကြီး ဖွင့်ပွဲတို့နှင့်အတူ ဗုဒ္ဓမြတ်စွယ်တော် အနေကဇာတင်အခမ်းအနားအား တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအသင်းမှ ကြီးမှူး၍ ၂၁-၅-၂၀၁၁ ရက်နေ့ နံနက် ၉ နာရီတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပါသည်။ ၁၉၆၄ ခုနှစ် စွယ်တော်တိုက်သစ်ဖွင့်ပွဲ ပြုလုပ်ပြီးနောက် ယခုအခမ်းအနားသည် ကြီးကျယ်အခမ်းအနားဆုံးဟု သိရပါသည်။ မြန်မာနိုင်ငံမှ သာသနာရေးဝန်ကြီးနှင့်တရုတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြသည်။ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဆရာတော်ကြီး Most Ven, Chuan Yin၊ ဂျပန်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ နီပေါ၊ ထိုင်းနိုင်ငံတို့မှ သာသနာပိုင်ဆရာတော်ကြီးများ၊ တရုတ်အစိုးရ၊ သာသနာရေးဗျူရိုမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံတမန်ကိုယ်စားလှယ်များ၊ တရုတ်ဗုဒ္ဓဘာသာဝင် ပြည်သူများ စုစုပေါင်း ပရိသတ်အင်အား ၄၀၀၀ ခန့် စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် စွယ်တော်တိုက် လင်ကွမ်းကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ Ven. Shi Chang Zang က မြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများ သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သည့် ကျွန်းသစ်ရတနာ တန် ၃၀၀ ကြောင့် ဗုဒ္ဓမြတ်စွယ်တော်တိုက်၊ ဂန္ဓကုဋိတိုက်နှင့် ကျောင်းဆောင်ကြီးတစ်ခု တင့်တယ်ခမ်းနားစွာ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွယ်တော်နှင့် တင့်တယ်သပ္ပာယ်စွာ တည်ရှိနေပြီဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်ပြည်သူအားလုံးကိုယ်စား ဝမ်းမြောက်သာဓု အနုမောဒနာအကြိမ်ကြိမ် ခေါ်ဆိုပါကြောင်း လှိုက်လှဲစွာမိန့်ကြားခဲ့ပါသည်။ မြန်မာပြည်သူတို့ကိုယ်စား နိုင်ငံတော်အစိုးရက ပြုခဲ့သောကုသိုလ်ကောင်းမှုအတွက် ထပ်တူထပ်မျှ ခံစားရရှိကြပါစေဟု အမျှဝေဆန္ဒပြုပါသည်။

## နိုင်ငံတော်အစိုးရ၏ စေတနာနှင့် သာသနာချီးမြှောက်မှု

မြတ်စွာဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်အား မြန်မာနိုင်ငံသို့ ကြွရောက်ခဲ့သော သုံးကြိမ်စလုံးတွင် မြန်မာပြည်သူတို့သည် သဒ္ဓါထက်သန်စွာ အလေးထားကြည်ညိုပူဇော်ခဲ့ကြပါသည်။ ဗုဒ္ဓမြတ်စွယ်တော်သည် ၁၉၅၅ ခုနှစ် ပါလီမန်အစိုးရလက်ထက်တွင် ပထမအကြိမ်၊ ၁၉၉၄ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၆ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် တတိယအကြိမ် ကြွရောက်အပူဇော်ခံခဲ့သည်။ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကာလတွင် နိုင်ငံတော်သမ္မတကြီးက ပြည်သူများကြည်ညိုသဒ္ဓါပွားနိုင်ရန်အတွက် တိုင်းရေးပြည်ရာများကို စတင်တာဝန်ယူပြီး တစ်လတာကာလအတွင်းမှာပင် သဒ္ဓါထက်သန်စွာဖြင့် ပင့်ဆောင်ပူဇော်နိုင်ရေး စီမံဦးဆောင်မှုပြုခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရန် နိုင်ငံတော်မှဦးဆောင်၍ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတို့၏ ကြီးမားသောသဒ္ဓါတရားကို အလေးထား၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် တင့်တယ်သပ္ပာယ်စွာ ကြည်ညိုပူဇော်နိုင်ရေး စီမံခဲ့ကြပါသည်။ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံး၏ အထွတ်အမြတ်ထားသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ရာတွင် အစစအရာရာ တာဝန်ကြီးမားလှပါသည်။

သို့သော် နိုင်ငံတော်အစိုးရက ပြည်သူများအတွက် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးကိစ္စမှာ တာဝန်ကြီးမားလှသကဲ့သို့ ကုသိုလ်တရားလည်း ကြီးမားလှသည်ဟု ခံယူလျက် ယခုကဲ့သို့ ကြိုးပမ်းစီမံပေးခဲ့ခြင်းဖြစ်ပါသည်။

ဗုဒ္ဓသာသနာ အရှည်ထိန်းသိမ်းတည်တံ့ပွားများနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် အစိုးရမင်း၊ရဟန်းနှင့်ပြည်သူတို့ သဒ္ဓါညီတူကြသည့်အလျောက် ဗုဒ္ဓမြတ်စွယ်တော်၏ စတုတ္ထအချီ ဒေသစာရီကြွချီလာသည့်အခိုက် ဦးခိုက်ကော်ရော် ကြည်ညိုပူဇော်၍ ကောင်းမှုကုသိုလ်များ ရယူနိုင်ကြပါရန် မေတ္တာ၊ စေတနာရည်သန်၍ ဤဆောင်းပါးဖြင့် ဓမ္မဒါနပြုတင်ပြအပ်ပါသည်။ ။

# ကလေး-တမူး ရထားလမ်းစီမံကိန်း အာရှလမ်းမကြီး၏ တောင်ဘက်စင်္ကြံ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်

**နေပြည်တော် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ တမူးမြို့သို့ ဆက်သွယ်ဖောက်လုပ်သွားမည့် ရထားလမ်းစီမံကိန်းသည် အာရှလမ်းမကြီး၏ တောင်ဘက်စင်္ကြံ (Trans-Asian Railway Southern Corridor) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေသော စီမံကိန်းတစ်ခုဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့ရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ကလေး- တမူး ရထားလမ်းစီမံကိန်းသည် စင်ကာပူနိုင်ငံမှ တူရကီနိုင်ငံသို့ နောင်ဖောက်လုပ်မည့် အာရှရထားလမ်းမကြီး၏ တောင်ဘက်စင်္ကြံ (Trans-Asian Railway Southern Corridor) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေပြီး လက်ရှိတွင် နိုင်ငံတွင်း တည်ဆောက်ဆဲဖြစ်သော မီးရထားလမ်းကွန်ရက် ၁၃ ခု၊ ၂၂၅၅ မိုင်အား ဦးစားပေး ဖောက်လုပ်ပြီးစီးမှသာ နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသွားခဲ့သည်။

မြန်မာနိုင်ငံမှ နယ်စပ်ဖြတ်ကျော် ရထားလမ်းစီမံကိန်းများ ဆက်သွယ်ဖောက်လုပ်နိုင်ရန်အတွက် ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ Rail India Technical & Economic Services (RITES) အဖွဲ့နှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး လေ့လာမှုအစီရင်ခံစာအရ ၁၂၇ ဒသမ ၄ ကီလိုမီတာရှည်လျားကာ အိန္ဒိယငွေ ရူပီး ၄၂၉၄ ဒသမ ၅၇ သန်းခန့် ကုန်ကျနိုင်မည်ဟု သိရသည်။ အဆိုပါရထားလမ်းကြောင်းနှင့် ချိတ်ဆက်မည့် အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ ရထားလမ်းပိုင်းကို ဆောက်လုပ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ရေကြောင်းလမ်း၊ ကုန်းလမ်း ပထဝီအနေအထားများအရ အချက်အချာကျနေသော မြန်မာနိုင်ငံနှင့် နိုင်ငံဖြတ်ကျော်ကားလမ်းနှင့် ရထားလမ်းစီမံကိန်းများ ချိတ်ဆက်ဖောက်လုပ်ရန်အတွက် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများ၏ လမ်းကြောင်းများနှင့် ချိတ်ဆက်ရာတွင် အာရှလမ်းမကြီး၏ တောင်ဘက်စင်္ကြံ၊ မဲခေါင်မြစ်ဝှမ်းဒေသတွင် အဓိက အချက်အချာကျသော အရှေ့အနောက် စီးပွားရေးစင်္ကြံတို့တွင်လည်း မြန်မာနိုင်ငံ၏ လမ်းပိုင်းများ ပါဝင်နေသည်။

မြန်မာနိုင်ငံ၏ အဓိက ပင်လယ်ရေနက်ဆိပ်ကမ်းကြီးများ ဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းများနှင့် ချိတ်ဆက်မည့် ရထားလမ်းစီမံကိန်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ ကျန် ဆက်လက်အကောင်အထည်ဖော်သွားမည့် ရေနက်ဆိပ်ကမ်းများ၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည့် စစ်တွေဆိပ်ကမ်း၊ ထပ်မံဆောင်ရွက်သွားမည့် ဘုတ်ပြင်းရေနက်ဆိပ်ကမ်း၊ ကုလားဂုတ် ရေနက်ဆိပ်ကမ်းတို့နှင့် ချိတ်ဆက်သွားမည့် ရထားလမ်း၊ ကားလမ်း စီမံကိန်းများကိုလည်း ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်းကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

လက်ရှိတွင် ယခင်အစိုးရလက်ထက်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အမျိုးသားမီးရထားလမ်းကွန်ရက် ၁၃ ခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်ကို ဗဟိုပြုကာ နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်စီမံကိန်း ၁၃ ခု ပြီးစီးရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်း ၁၃ ခု ပြီးစီးသွားပါက ကလေး-တမူး ရထားလမ်းစီမံကိန်းကို နိုင်ငံတော်သို့တင်ပြကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၁)

# ဒုတိယဝန်ကြီး ဦးစိုးတင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်ဝင်း ပြင်ဆင်ခြင်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် Villa(B) R.C နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁) ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများအား သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေသန့်လုပ်ငန်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ စနစ်တကျပြီးစီးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာလေ့ဌာန(သီရိဆောင်)အဆောက်အအုံ အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာလေ့ဌာန (သီရိဆောင်)သည် နိုင်ငံတကာအဆင့်ဖြစ်၍ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအား အကောင်းဆုံးနှင့် အမြန်ဆုံးအသုံးပြုနိုင်ရေး၊ အသပ်ရပ်ဆုံးနှင့် အဆင့်မြင့်ဆုံးဖြစ်စေရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



Felda Global Group Exhibition, Myanmar 2011 အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

# FELDA GLOBAL GROUP EXHIBITION, MYANMAR 2011 ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

**Malaysia Palm Oil Council (MPOC), Felda Delima Oil Products Sdn Bhd နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းစီစဉ်ကျင်းပသော Felda Global Group Exhibition, Myanmar 2011 အခမ်းအနားကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပခဲ့သည်။**

အခမ်းအနားတွင် မြန်မာနှင့်မလေးရှားနှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြရာ GRAND WYNN ENTERPRISES LTD. နှင့် DELIMA OIL PRODUCTS SDN. BHD.၊ HTOO GROUP OF COMPANIES နှင့် FELDA RUBBER INDUSTRIES SDN BHD၊ MYANMAR COMBIZ TRAVELS & TOURS CO., LTD. နှင့် FELDA TRAVELS & TOURS SDN. BHD.၊ GOLDEN LAND EAST ASIA DEVELOPMENT LTD. နှင့် DELIMA OIL PRODUCTS SDN BHD တို့က နားလည်မှုစာချွန်လွှာ (MOU) များကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဂုဏ်ထူးဆောင် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီမိုဟာမက်က နိုင်ငံတကာစီးပွားရေးဆိုင်ရာများနှင့် ပတ်သက်၍ အာရှနိုင်ငံများ၏ လက်ရှိအခြေအနေနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Felda Global Group Exhibition, Myanmar 2011 ပြခန်းများကို မလေးရှားနိုင်ငံမှ ဝန်ကြီးချုပ်ဟောင်းနှင့် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များ၊ ကုန်သည်စက်မှုအသင်းချုပ် အဖွဲ့ဝင်အသင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# နေပြည်တော်တိုင်း(မ်)သတင်းဂျာနယ် မကြာမီထွက်ရှိလာမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ့ဂျာနယ်လောက၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာ တတိယပတ်တွင် အပတ်စဉ် ထုတ် နေပြည်တော်တိုင်း(မ်) သတင်း ဂျာနယ် ထွက်ရှိလာမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ ဂျာနယ်တွင် ပြည်တွင်းပြည်ပ နောက်ဆုံးရ သတင်းဦး၊ သတင်းထူးများ၊ မြန်မာနိုင်ငံအနှံ့ မြို့နယ်စုံမှ ထူးခြားဖြစ်စဉ် သတင်းစုံ၊ ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသုံးသပ်ချက် ဆောင်းပါးများ၊ နိုင်ငံတကာသတင်းနှင့် ဆောင်းပါးများ၊ နောက်ဆုံးပေါ် သတင်းဆက်သွယ်ရေးနည်းပညာများအကြောင်း၊ သိပ္ပံသုတေသနသတင်းများ၊ မြန်မာနိုင်ငံ၏ မျက်မှောက်ရေးရာ သုံးသပ်ချက် အထူးဆောင်းပါး၊ လူငယ်ပညာပေး၊ ကျန်းမာရေးပညာပေး၊ သုတ၊ ရသ၊ စာပေကဏ္ဍ၊ ပြည်တွင်းပြည်ပ အနုပညာဖျော်ဖြေရေး၊ အားကစားသတင်းစုံ၊ ရှင်သန်လှုပ်ရှား လူမှုဘဝများကဏ္ဍ၊ ထင်ရှားကျော်ကြားသူတို့၏ ဘဝအောင်မြင်ရေး စကားလက်ဆောင်၊ တစ်ပတ်တာ အပန်းပြေစရာ လမ်းညွှန်ကဏ္ဍ၊ ဝါရင့်သတင်းစာ ဆရာ၊ စာရေးဆရာကြီးများ၏ ဆောင်းပါးများ၊ အတွေးအခေါ် ဗဟုသုတ ဉာဏ်ပညာ တိုးပွားစရာ ဖတ်စရာ၊ မှတ်စရာ ကဏ္ဍစုံပါရှိမည်ဖြစ်ကြောင်း၊ နေပြည်တော် တိုင်း(မ်)နှင့် ဆက်သွယ်လိုပါက အမှတ် (၅၃၀) (၄)လွှာ ကုန်သည်လမ်းနှင့်(၃၇) လမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉ ၂၃၀(ယာယီ) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်တွင်းဈေးကွက်သတင်း

**ပြည်တွင်းစားသုံးဆီများဖြစ်သည့် ပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီဈေးကွက်များ ဈေးနှုန်းပြောင်းလဲမှု အမျိုးမျိုးဖြစ်ပေါ်ခဲ့ပြီး စားသုံးဆီသီးနှံများ၏ ဈေးနှုန်းများမှာလည်း ဈေးကွက်၏ ရောင်းလိုအားနှင့် ဝယ်လိုအားပေါ် အခြေခံကာ ဈေးနှုန်း ပြောင်းလဲမှုများ ရှိခဲ့သည်။**

**ပဲဆီ။** ။ *စားသုံးဆီဈေးကွက်များတွင် ဈေးနှုန်းအမြင့်ဆုံးဈေးကွက်ဖြစ်သည်။ မကွေးဈေးကွက်တွင် ယခင် တစ်ပိဿာဈေးနှုန်းငွေကျပ် ၃၄၀၀ မှ ငွေကျပ် ၃၂၅၀ သို့ ကျဆင်းခဲ့သည်။ သို့သော် ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၆၀၀၊ မန္တလေးဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၂၉၀၀၊ ပဲခူးဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၄၀၀၊ တောင်ကြီးဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၀၀၀၊ စစ်တွေဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၆၀၀ စသည်ဖြင့် ပေါက်ဈေးအသီးသီးရှိခဲ့သည်။*

**နှမ်းဆီ။** ။ *နှမ်းဆီဈေးကွက်၏ နှမ်းဆီတစ်ပိဿာဈေးနှုန်းများမှာ ရန်ကုန်နှင့် ပဲခူးဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၂၇၀၀၊ မန္တလေးဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၂၄၀၀၊ မကွေးနှင့် မုံရွာ ဈေးကွက်များတွင်တစ်ပိဿာဈေးနှုန်း ငွေကျပ် ၂၅၀၀ ဝန်းကျင်၊ တောင်ကြီးနှင့် စစ်တွေဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၂၀၀ တို့ဖြင့် အရောင်းအဝယ်များဖြစ်ပေါ်ခဲ့သည်။*

**နှမ်း(ဖြူ)။** ။ *မန္တလေးဈေးကွက်မှာ ယခင် နှမ်း(ဖြူ) တစ်တန်ဈေးနှုန်းငွေကျပ် ၁၀၂၀၈၀၀ မှ ယခု ငွေကျပ် ၉၉၃၂၀၀ သို့လည်းကောင်း၊ မုံရွာဈေးကွက်မှာ တစ်တန်ဈေးနှုန်း ငွေကျပ် ၈၇၇၅၀၀ မှ ငွေကျပ် ၈၆၅၃၀၀ သို့လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့ပြီး မကွေးဈေးကွက်တွင် တစ်တန်ငွေကျပ် ၈၁၇၅၀၀ မှ ငွေကျပ် ၈၃၀၄၀၀ သို့ တက်လာခဲ့သည်။*

**နှမ်း(နက်)။** ။ *မန္တလေးဈေးကွက်တွင် တစ်တန်ဈေးနှုန်းငွေကျပ် ၁၀၂၀၈၀၀ နှင့် မကွေးဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၉၄၀၀၀၀ စသည်ဖြင့် ဈေးကွက်ဈေးနှုန်းများရှိခဲ့သည်။*

နိုင်လင်းကြည် (ကြေးမုံ)

# ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်နှင့် သာသနာ့ဗိမာန်တော် ဖွင့်ပွဲကျင်းပ

**ပျော်ဘွယ် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့် မဟာဘုံကထိန်ပွဲတော်ကြီး ဖွင့်ပွဲနှင့် ရာပြည့်သာသနာ့ဗိမာန်တော်ကြီး ကမ္ဗည်းကျောက်စာတိုင် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီက သာသနာ့ဗိမာန်တော်ကြီးရှေ့၌ ကျင်းပရာ ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ ရာပြည့်မဟာဘုံကထိန်ပွဲတော်ကြီး ကျင်းပရေးအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးလှအောင်၊ ကော်မတီဝင် ဦးထွန်းညွန့်နှင့် မြို့နယ်ပညာရေးမှူး ဦးလှစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရာပြည့်သာသနာ့ဗိမာန်တော်ကြီး ကမ္ဗည်းကျောက်စာတိုင်ကို ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်နေ ကထိန်ဒါယိကာမကြီး အမေပုက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

(မြို့နယ်ပြန်/ဆက်)

# ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် တစ်ဖက်ယာဉ်ကြောရှိ ဆံသဆိုင်နှင့် ဆိုင်ရှေ့ရပ်ထားသော မော်တော်ဆိုင်ကယ်ပျက်စီးပြီး လူအချို့ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၄

**ပျဉ်းမနားမြို့တွင် ယာဉ်မောင်းတစ်ဦး ယာဉ်မဆင်မခြင် အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့် လက်ဝဲဘက်တွင် ဖွင့်လှစ်ထားသော ဆံသဆိုင်နှင့် ဆိုင်ရှေ့တွင်ရပ်ထားသော မော်တော်ဆိုင်ကယ်တို့ကို ဝင်တိုက်မိကာ လူအနည်းငယ် ဒဏ်ရာရရှိကြောင်း သိရသည်။**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ပျဉ်းမနားမြို့ ရွာကောက်အုပ်စု ပန်းခင်း (၃)ရပ်ကွက် ပန်းခင်းလမ်းမကြီးနှင့် ဂန္ဓမာလမ်းထိပ်တွင် ရာဇဌာနီလမ်းဆုံမှ မြောက်မှ တောင်သို့ ယာဉ်မောင်း ဇော်မျိုးအောင် (၂၉)နှစ် (ဘ)ဦးခင်လှိုင် ကြာအင်းရွာ လယ်ဝေးမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ်(၇က/----)ဘင်ကား အဖြူရောင်သည် အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် တစ်ဖက်ယာဉ်ကြော ပန်းခင်းလမ်းမကြီး အရှေ့ဘက် ဂန္ဓမာလမ်းထိပ်တွင် ဖွင့်လှစ်ထားသော ဘွိုင်းဇုန်အမျိုးသားဆံသဆိုင်အား ဝင်တိုက်မိကာ ဆိုင်ရှေ့တွင် ရပ်ထားသော အနက်ရောင်လေ့ဂျား ဆိုင်ကယ်အား ဝင်တိုက်မိပြီး မော်တော်ဆိုင်ကယ်မှာ ရှေ့ပိုင်းတစ်ခုလုံး ပျက်စီးသွားသည်။ ထို့အပြင် ဘင်ကား၏ နောက်ဘီးပြုတ်ထွက်မှုကြောင့် ကန်ဘိုကျောက်စိမ်း (၁၁၀) မော်တော်ဆိုင်ကယ်၏ ဒူးကာ ကွဲအက်သွားခဲ့ကြောင်းနှင့် ယာဉ်မဆင်မခြင် အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် လမ်းဘေးရှိ အုန်းပင်သားတိုင်များအား ကြိတ်မိကာ အုန်းစများ လွင့်စဉ်သွားပြီး ပတ်ဝန်းကျင်ရှိ ဒေါ်ခင်ခင်ငြိမ်း (၆၂)နှစ်၏ ဝဲ/ယာခြေနှစ်ဖက် ဒူးဆစ်အောက်ပိုင်း (မစိုးရိမ်ရ) ဒဏ်ရာရရှိကာ မနွေးနွေး (၂၃)နှစ်၏ ဝဲတံတောင်ဆစ် (မစိုးရိမ်ရ) ဝဲဒူးခေါင်း (မစိုးရိမ်ရ) ဒဏ်ရာရရှိပြီး ယာဉ်မောင်း ဇော်မျိုးအောင်၏ ယာပခုံး ပေါက်ပြဲ၊ ယာချိုစောင်း ပေါက်ပြဲ (မစိုးရိမ်ရ) ဒဏ်ရာရရှိ၍ လူနာသုံးဦးအား ပျဉ်းမနား ခုတင် (၂၀၀) ဆေးရုံသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်မျိုးအောင်(၂၉)နှစ် (ဘ)ဦးခင်လှိုင်အား ယာဉ်မှုစစ်ဌာနမှ ဒုတိယရဲအုပ်နေဦးက တရားလိုပြုလုပ်၍ တိုင်ကြားသဖြင့် ပျဉ်းမနားရဲစခန်းမှ ပ/၆၇၇/၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)



မဆင်မခြင်မောင်းနှင်သည့် မော်တော်ကားနှင့် ဝင်တိုက်ခံရသော မော်တော်ဆိုင်ကယ်တို့အား တွေ့ရစဉ်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယင်းကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ဆောင်ရွက်နေသည့်လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေး အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝမ်နာဟိုယာနှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ဂျာမနီနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝမ်နာဟိုယာနှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ဂျာမနီနှစ်နိုင်ငံ ဆက်ဆံရေး မြှင့်တင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

# (၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၄**

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ဆွေးနွေးအဖြေရှာခဲ့ကြသည့် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေး၊ အာရှတွင် အနာဂတ်စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် စီမံရေးကွပ်ကဲမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ပါဝင်သည့် (၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ball Room ၌ ဆက်လက်ကျင်းပပြီး ဆွေးနွေးပွဲတွင် အာဆီယံ-ဂျပန်နိုင်ငံတို့မှ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြခဲ့ကြသည့် ကဏ္ဍများ အပေါ် ပြန်လည်သုံးသပ်ခြင်း၊ (၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲအတွက် လာမည့်နှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကြိုတင်ပြင်ဆင်ရေးကော်မတီ အစည်းအဝေး ကျင်းပရေး၊ မလေးရှားနိုင်ငံအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ရွေးချယ်ခြင်း၊ ဒေသတွင်းနိုင်ငံများ အနေဖြင့် အခြားစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကမ္ဘာနှင့် အဝှမ်း လက်ရှိစိန်ခေါ်မှုများ ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရောဂါဘယများ ကျရောက်မှု၊ သဘာဝဘေးအန္တရာယ်များအတွက် ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုနှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း ဖော်ဆောင်ပြီးသည့်အခါ အဖွဲ့ဝင်သစ်များ ပေါ်ပေါက်လာရန်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် (၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ITOCHU Corporation ဥက္ကဋ္ဌ Mr. Eizo Kobayashi နှင့် (၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် မလေးရှားနိုင်ငံ Ambank Group ဥက္ကဋ္ဌ Mr. Tan Sri Azman Hashim တို့က အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးအမှု(၁၃၂)မှု တရားခံ(၂၁၉)ဦး ဖမ်းဆီးအရေးယူခဲ့

**နေပြည်တော် နိုဝင်ဘာ ၄**

အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၂ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၁၅ မှု (အလေးချိန် ၁၁ ဒသမ ၀၀၇၃ ကီလို)၊ ဘိန်းဖြူ ၂၅ မှု (အလေးချိန် ၀ ဒသမ ၁၀၅၂ ကီလို)၊ ဘိန်းဆီခဲ ၅ မှု (အလေးချိန် ၅ ဒသမ ၆၅၁၆ ကီလို)၊ အဆင့်နိမ့်ဘိန်း ၅မှု (အလေးချိန် ၅ ဒသမ ၅၈၈၈ ကီလို)၊ ဆေးခြောက် ၉ မှု (အလေးချိန် ၃၁ ဒသမ ၇၈၈၈ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၄ မှု (၁၅၃၂၁၄၈ ပြား)၊ ဘိန်းစာမှုန့်၅မှု (အလေးချိန် ၆၆ ဒသမ ၂၉၂၈ ကီလို)၊ ဘိန်းရည် ၁ မှု( ၀ ဒသမ ၁၆၅ လီတာ)၊ အိုက်(စ်) ၂ မှု (အလေးချိန် ၀ ဒသမ ၀၀၄၅ ကီလို)၊ ကေဖင်း(အလေးချိန် ၀ ဒသမ ၁၆၁ ကီလို)၊ အက်ဖီဒရင်း ၁ မှု (အလေးချိန် ၁၇ ကီလို)၊ စိတ်ကြွဆေးအကြေမှုန့်(အလေးချိန် ၉ ကီလို)၊ ဟိုက်ဒြိုကလိုရစ်အက်စစ် ( ၃ လီတာ)၊ ဆာလ်ဖျူရစ်အက်စစ် (၁၄၀ လီတာ)၊ ကော့စတစ်ဆိုဒါ (အလေးချိန် ၁၆၀ ကီလို)၊ ဖြူပရီနိုဖင်း (၄၂)ပုလင်း ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၁၃၂ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၁၇၉ ဦး၊ မ ၄၀ စုစုပေါင်း တရားခံ၂၁၉ ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အလုံးအလဲဖြင့် သရေပွဲများဖြစ်သွားသည့်လေးနိုင်ငံလက်ဝှေ့ပွဲ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့တွင် ပထမဆုံးကျင်းပသော လေးနိုင်ငံမြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ပထမနေ့ကို နိုဝင်ဘာ ၃ ရက်က ဗထူးဘောလုံးကွင်း၌ ကျင်းပခဲ့ရာ ရွှေပုံလွှား(ဘားအံ)က စစ်မင်း(အဲဗားဂရင်း) ကို ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရသည်။ မြအဏ္ဏ(မန္တလေး) က မင်းလေး (ရန်ကုန်)ကို ပထမအချီတွင်ပင် အလဲထိုးအနိုင်ရသည်။ သားသား(ကသာ)က ရွှေစွန်ညို (တောင်ပြုံး)ကို ပထမအချီတွင်ပင် အလဲထိုးအနိုင်ရပြီး ဝင်းမောက် (တောင်ကလေး)က ထိုက်စံ (ရွှေလိပ်ပြာ-မန္တလေး)ကို ဒုတိယအချီတွင် အလဲထိုးပြီး အနိုင်ရရှိသွားသည်။ သိန်းညီညီ (မြို့တော်စည်ပင်)နှင့် ကြယ်လေး (အဲဗားဂရင်း)ပွဲနှင့် သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် မိုင်တိုင်စန်(မြို့တော်စည်ပင်)တို့ ပွဲမှာ ပရိသတ်အကြိုက် ထိုးသွားကြပြီး သရေပွဲဖြစ်သွားကြသည်။

ထို့နောက် အများမျှော်လင့်နေကြသော စိုးလင်းဦး (မြန်မာ)နှင့် မာဆွတ်(အီရန်)တို့ ပွဲတွင် အရှောင်အတိမ်းသာပြီး တံတောင်ရိုက်ချက်ကောင်းသော မာဆွတ်ကြောင့် စိုးလင်းဦး ကွဲသွားသော်လည်း သရေကျအောင် ထိုးသွားသည်။ နောက်ဆုံးပွဲတွင် မြနန်းတော်(မြန်မာ)၏ လက်သီးချက်ဖြင့် လုဆီရာ (ထိုင်း)ကို ပထမအချီနှင့် ဒုတိယအချီတွင် အသာစီးရခဲ့သော်လည်း နောက်ပိုင်းအချီများ၌ လုဆီရာ၏ ခြေကန်ချက်များ၊ ပူးချုပ်ကိုင်ပေါက်ချက်များကြောင့် မြနန်းတော်ထင်တိုင်းမပေါက်ခဲ့ဘဲ သရေပွဲပင်ဖြစ်သွားသည်။

နိုဝင်ဘာ ၄ ရက်တွင် ဝင်းထွန်း(မြန်မာ)နှင့် အာခွန်(ထိုင်း)၊ စောမန်း(မြန်မာ)နှင့် မက်ဆီယန်(ဘယ်လ်ဂျီယံ)တို့ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

(တင်မောင်-မန္တလေး)

# KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် တုံးတံတားကျေးရွာနေ ဦးကိုနိုင်(၄၅)နှစ်သည် ညီဖြစ်သူ ဦးဆန်းဝင်းနှင့်အတူ သစ်ဝါးခုတ်ရန်သွားရောက်စဉ် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲခန့်က ရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာ ကျောက်တောင်အနီး၌ KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဦးကိုနိုင်၏ ဝဲဘက်ခြေထောက်တွင် ခြေချင်းဝတ်အထက်မှ ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူတို့က မြဝတီမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စုပေါင်းအင်အားဖြင့် ပခုက္ကူခရိုင်အတွင်း ရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပခုက္ကူမြို့မှ ရေဘေးသင့်အိမ်ထောင်စုများအား ပြောင်းရွှေ့နေရာချထားခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်မှ ရေဘေးသင့် အိမ်ထောင်စုများအား ပြန်လည်နေရာချထားပေးမည့် ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ကျေးရွာသစ်ကွင်းရှိ ယာယီရွက်ဖျင်တဲများသို့ ပြောင်းရွှေ့နေရာချထားပေးခြင်းကို နိုဝင်ဘာ ၃ ရက်တွင် အိမ်ထောင်စု ၂၇၃ စု၊ စုစုပေါင်း လူဦးရေ ၁၁၄၃ ဦးတို့အား ပခုက္ကူတပ်နယ်နှင့် မုံရွာတပ်နယ်တို့မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက တပ်မတော် မော်တော်ယာဉ်များ၊ အရပ်ယာဉ်များဖြင့် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးကြပြီး စွန်သိုက်ကျေးရွာသစ်ကွင်း၌ ဆေးကုသရန် ယာယီတဲ နှစ်လုံး၊ သုံးရေကန်ခြောက်လုံး၊ ရေချိုးကန်(၅)ခန်းတွဲ နှစ်လုံး ဆောက်လုပ်ခြင်း၊ အဝီစိရေတွင်း ရေပိုက်တပ်ဆင်ခြင်း၊ လူနေအိမ်များဆောက်လုပ်ခြင်းတို့ကို ဆောက်လုပ်ရေးလုပ်ငန်း တာဝန်ခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထို့အပြင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့သော တိလောကရာမကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာရိပ်သာနှင့် မတ္တထောင်ကျောင်းတိုက်တို့ကို တပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဆေးဖျန်းပေးခြင်းတို့အား ဆောင်ရွက်ပေးသည်။

ထို့အတူ ပေါက်မြို့နယ် ရေပြာကျေးရွာ၊ မြိုင်မြို့နယ် သံပုရာပင်ကျေးရွာနှင့် ထန်းတောမကျေးရွာတို့တွင်လည်း ပျက်စီးနေသည့် နေအိမ်များ ပြန်လည်ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဓာတ်မီးတိုင်များ လျှပ်စစ်မီးကြိုးများ သွယ်တန်းပေးခြင်းနှင့် မီးချောင်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးသည်။

မုံရွာတပ်နယ်မှ တပ်မတော်သားများသည် ချိုက်ကျေးရွာနှင့် ချောင်းနားကျေးရွာတို့တွင် ယိုင်နေသည့် အိမ်များ ပြန်လည်ပြုပြင်ပေးခြင်း၊ နေအိမ်အတွင်း နုန်းမြေများ ဖယ်ရှားရှင်းလင်းခြင်း၊ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ အမှိုက်နှင့် နုန်းမြေများ ဖယ်ရှားခြင်း၊ ချင်းငယ်ရွာ စာသင်ကျောင်းရှိ နုန်းမြေများ ဖယ်ရှားရှင်းလင်းခြင်း၊ ဝါဇီလေးကျေးရွာတွင် ရွာသစ်တည်မည့်နေရာ၌ လမ်းများဖောက်လုပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို လည်းကောင်း၊ သံပုရာပင်ရွာ၌ ပျက်စီးနေသော ရေမြုပ်အိမ်များ ပြန်လည်ပြုပြင်ခြင်း၊ ရွှေဘိုတပ်နယ်မှ တပ်မတော်သားများသည် သဖန်းတောက်၊ ကင်ပွန်းတောက်၊ ကိုးရွာ၊ ကျွန်းရင်း၊ အင်းကန်နှင့် လယ်သာဝကျေးရွာများ၌ ရွာလယ်လမ်းမှ ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းခြင်း၊ လူနေအိမ်များမှ နုန်းမြေများဖယ်ရှားခြင်း၊ ပြိုလဲသည့် အိမ်များ ပြန်လည်ပြုပြင်ခြင်း၊ အိမ်သာကျင်းများတူးဖော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းအတွင်းမှ နုန်းမြေများဖယ်ရှားခြင်း၊ အမှိုက်များရှင်းခြင်းတို့ကို ဒေသခံရွာသားများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့သည်။

အလားတူ အရာတော်တပ်နယ်မှ တပ်မတော်သားများသည် ပင်းတလဲကျေးရွာ အရှေ့ဘုန်းတော်ကြီးကျောင်းတွင် ရေတွင်းဆယ်တင်ခြင်း၊ အိမ်သာများ ပြုပြင်ခြင်း၊ သိမ်ကျောင်းအတွင်းမှ နုန်းမြေများ ဖယ်ရှားခြင်း၊ ရွာနောက်ဘုန်းတော်ကြီးကျောင်းတွင် ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းခြင်း၊ ကျောက်ပန်းတောင်းတပ်နယ်မှ တပ်မတော်သားများသည် ရွာမတောင်၊ ဒေါသာ၊ ဆင်နီတောင်ကျေးရွာများ၌ ရွာတွင်းလမ်းများမှ နုန်းမြေများ ဖယ်ရှားခြင်း၊ မြေဖို့ပြုပြင်ခြင်း၊ စာသင်ကျောင်းအတွင်းမှ နုန်းမြေများ ဖယ်ရှားခြင်း၊ အဝီစိရေတွင်းများ ပြန်လည်ဆယ်တင်ခြင်း၊ မကွေးတပ်နယ်မှ တပ်မတော်သားများသည် အရှေ့ကဘိုင်၊ အရှေ့ကန်တွင်း၊ ဆင်လန်းချောင်း၊ တောင်ရွာမကျေးရွာတို့၌ တုံကင်ရေတွင်းများ ပြန်လည်ဆယ်တင်ပြုပြင်ခြင်း၊ ရွာတွင်းလမ်းများ ပြုပြင်ခြင်း၊ ယိုင်နဲ့နေသော အိမ်များ ပြန်လည်ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းများ ထပ်မံပြုပြင်ခြင်း၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အဝီစိရေတွင်းအသစ်များ ထပ်မံတူးဖော်ခြင်း၊ ခြံစည်းရိုးများ ပြန်လည်ပြုပြင်ခြင်းတို့ကို ဒေသခံ ရွာသူ/ရွာသားများနှင့် ပူးပေါင်း ကူညီဆောင်ရွက်ခဲ့သည်။

ထို့အပြင် မိတ္ထီလာတပ်နယ်မှ တပ်မတော်သားများသည် အနောက်ကမ်းဖြူ၊ အနောက်ရွာမ၊ ဆိုက်ခမ်း၊ ကျားဘော၊ ကျားလောက်၊ ဘဲကျ၊ ကျားကွဲ၊ သံပုရာပင်ကျေးရွာတို့၌ ရွာအဝင်လမ်းများမှ နုန်းမြေများ ဖယ်ရှားရှင်းလင်းခြင်း၊ တုံကင်ရေတွင်းများ ပြန်လည်ဆယ်တင်ခြင်း၊ လမ်းဘေးဘယ်ညာ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ကျောင်းသား ၁၀၀ ဆံ့ ယာယီကျောင်းဆောင် ဆောက်လုပ်ခြင်း၊ ရေမျောပျက်စီးအိမ်များ ရှင်းလင်းဖယ်ရှားခြင်း၊ ဘုန်းတော်ကြီးကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ဒေသခံများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့နိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေး အတွက် လူကုန်ကူးမှု ဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့ (ယခင် DKBA)တို့ ပဏာမ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၄

**ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့ (ယခင် DKBA) တို့သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဘားအံမြို့၌ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ကြပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမ ငြိမ်းချမ်းရေးသဘောတူညီချက် (၅)ချက်ကို လက်မှတ်ရေးထိုးကြသည်။**



ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင် ခေါင်းဆောင်သော ကရင်ပြည်နယ် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင်(၄) ဦးနှင့် ကလို့ထူးဘောတပ်ဖွဲ့၏ ဒုတိယခေါင်းဆောင် ဦးစောမူရှေး ခေါင်းဆောင်သော ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင် (၄)ဦးတို့ နှစ်ဖက်တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းကြပြီး (၁)ကရင်ပြည်နယ် အတွင်း မြန်မာ့တပ်မတော်နှင့် ကလို့ထူးဘောတပ်ဖွဲ့တို့သည် ၆-၁၁-၂၀၁၁ ရက်နေ့မှစ၍ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန် သဘောတူသည်။ (၂)ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဉ်ကာလ အတွင်း ကလို့ထူးဘောတပ်ဖွဲ့သည် ဆုံဆည်းမြိုင်နေရာ ပတ်ဝန်းကျင်တွင် ယာယီအခြေပြုနေထိုင်ရန် သဘောတူသည်။ (၃) နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆိုဆက်ဆံ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် အတွက် ကလို့ထူးဘောတပ်ဖွဲ့အား မြဝတီမြို့တွင် ယာယီဆက်ဆံရေး စခန်းဖွင့်လှစ်ရန် သဘောတူသည်။ (၄)ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဉ် ကာလအတွင်း နှစ်ဦးနှစ်ဖက် သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန်၍ လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမည်။ (၅)ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့နှင့် ဗိုလ်ချုပ်စောလားပွယ် ခေါင်းဆောင်သော ကလို့ထူးဘောတပ်ဖွဲ့မှ အဆင့်မြင့်ငြိမ်းချမ်းရေး ဆွေးနွေးမည့် ပုဂ္ဂိုလ်များသည် နှစ်ဦးနှစ်ဖက် သဘောတူညီသော နေရာ၊ သဘောတူညီသော အချိန်ကာလတို့တွင် တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့ဝင်များ အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆွေးနွေးသွားနိုင်ရေးများကို သဘောတူသည်ဟူသည့် ပဏာမသဘောတူညီချက် (၅)ချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် ကလို့ထူးဘောတပ်ဖွဲ့၏ ဒုတိယခေါင်းဆောင် ဦးစောမူရှေးတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## လက်မှတ်ရေးထိုး

**ကရင်ပြည်နယ် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့ (ယခင် DKBA) တို့ ငြိမ်းချမ်းရေး တည်ဆောက်ရန် အတွက် ပဏာမ ငြိမ်းချမ်းရေးသဘော တူညီချက် (၅)ချက်ကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

## ယနေ့ မိုးလေဝသ
(၄-၁၁-၂၀၁၁)

*နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။*

## ထူးခြားသည့် ညအပူချိန်

ဟားခါး ၄ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

## ယနေ့သတင်းအညွှန်း

### ဧည့်လမ်းညွှန်များ သတ်မှတ်စည်းကမ်း ကျူးလွန်ဖောက်ဖျက်ပါက ဥပဒေအရ အရေးယူမည်

"နိုင်ငံခြားခရီးသွားဧည့်သည်များ အထူးလေ့လာကြည့်ရှုကြသည့်နေရာများတွင် ဧည့်လမ်းညွှန်များ၏ ရှင်းလင်းပြသမှု၊ စည်းကမ်းရှိမှုနှင့် ဧည့်သည်များအား ထိန်းသိမ်းစောင့်ရှောက်မှုများကို ကြည့်ရှုကြပ်မတ်သွားမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၃

### ကလေး-တမူး ရထားလမ်းစီမံကိန်း အာရှလမ်းမကြီး၏ တောင်ဘက်စင်္ကြံ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်

"နိုင်ငံတွင်း တည်ဆောက်ဆဲ မီးရထားလမ်းကွန်ရက် ၁၃ ခု၊ ၂၂၅၅ မိုင်အား ဦးစားပေး ဖောက်လုပ်ပြီးစီးပါက ကလေး-တမူး ရထားလမ်းစီမံကိန်းကို နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

# လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော် ကျင်းပပြုလုပ်ရေးအတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ဒါရိုက်တာကိုသူရ(ခ)ဇာဂနာ တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်ကို ဦးစီးပြုလုပ်မည့် ဒါရိုက်တာကိုသူရ(ခ) ဇာဂနာအား ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရုပ်ရှင်ပွဲတော်ကို သတ်မှတ်ထားသော မူဘောင်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပပြုလုပ်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေ၊ ပါဝင်မည့် ဇာတ်ကားများကို ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ဇာဂနာကလည်း ရုပ်ရှင်ပွဲတော်ကျင်းပပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ဇာတ်ကားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှတစ်ဆင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ တင်ပြဆင်ဆာခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

မကြာသေးမီကာလက ဝဿန်မှတ်တမ်းနှင့် ဇာတ်လမ်းတိုရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တစ်ဆင့် တင်ပြလာသည့်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့် အဆင်ပြေချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ယခုကျင်းပပြုလုပ်မည့် လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်ကိုလည်း ဒုတိယမြောက်ကျင်းပသော မှတ်တမ်းနှင့် ဇာတ်လမ်းတိုရုပ်ရှင်ပွဲတော်အဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)